STATISTICAL BULLETIN

# ပြည်သူ့လွှတ်တော်ရုံး
# သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်



# မြန်မာနိုင်ငံစက်သုံးဆီဈေးနှုန်း

Statistical Bulletin အမှတ်စဉ် – (၁၇)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## အကျဉ်းချုပ်

ဤ Statistical Bulletin တွင် မြန်မာနိုင်ငံ၏စက်သုံးဆီဈေးနှုန်းနှင့်ပတ်သက်၍ တင်ပြထားပါသည်။ စက်သုံးဆီဈေးနှုန်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ ဖော်ပြထားပါသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဖြစ်ပေါ်နေသော အာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းနှင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသော စက်သုံးဆီဆိုင်များကို Bar Chart ဖြင့် တင်ပြထားပါသည်။

မြန်မာနိုင်ငံသည် ရေနံထွက်ရှိသော်လည်း နည်းပညာအခက်အခဲနှင့်အရင်းအနှီးအခက်အခဲများကြောင့် စက်သုံးဆီ မထုတ်လုပ်နိုင်ခြင်းနှင့် ပမာဏများများသိုလှောင်နိုင်မည့် သိုလှောင်ကန်များမရှိခြင်းတို့ကြောင့် စက်သုံးဆီများကို ပြည်ပမှ မှာယူတင်သွင်းနေရသည့်အတွက် ပြည်ပ၌ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်တိုင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းအပေါ်လာရောက် ရိုက်ခတ်လေ့ရှိပါသည်။ [1] စက်သုံးဆီကို ပြည်ပမှ ဒေါ်လာဖြင့်ဝယ်ယူတင်သွင်းရခြင်းကြောင့် စက်သုံးဆီဈေးနှုန်းအတက်အကျ မကြာခဏဖြစ်ပေါ်စေသည်ကို သိရှိနိုင်ပါရန် ရေးသားတင်ပြခြင်းဖြစ်ပါသည်။ [2]

[1] https://burma.irrawaddy.com/business/2019/09/17/204082.html

[2] https://elevenmyanmar.com/news/86097

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၄ |
| ၂။ | မြန်မာနိုင်ငံ၏စက်သုံးဆီဈေးနှုန်း (ဓာတ်ဆီ) | ၅ |
| ၃။ | မြန်မာနိုင်ငံ၏စက်သုံးဆီဈေးနှုန်း (ဒီဇယ်) | ၆ |
| ၄။ | ၂၀၁၉ ခုနှစ်အတွင်းပြောင်းလဲသော စက်သုံးဆီဈေးနှုန်းများ | ၇ |
| ၅။ | အာဆီယံနိုင်ငံများ၏စက်သုံးဆီဈေးနှုန်း | ၈ |
| ၆။ | စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသောစက်သုံးဆီဆိုင်များ | ၉ |
| ၇။ | နိဂုံး | ၁၀ |

**နိဒါန်း**

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေများ အပေါ်တွင်လည်း များစွာတည်မှီပါသည်။ လတ်တလော အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများ ဖြစ်ပွားနေချိန်၊ အမေရိကန်က အီရန်ကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့အရေးယူနေချိန်တွင် ကမ္ဘာ့ ရေနံဈေးနှုန်းကိုလည်း ဂယက်ရိုက်မှုရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် စက်သုံးဆီအဓိကဝယ်ယူရ သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၉ ရက်နေ့အထိ ဓာတ်ဆီ ၁ လီတာလျှင် ၂၀၀ ကျပ်၊ ဒီဇယ် ၁ လီတာလျှင် ၁၀၀ ကျပ်အထိ မြင့်တက်သွားပါသည်။ စက်သုံးဆီ ကို စင်ကာပူနိုင်ငံမှ တင်သွင်းပြီး ပြည်တွင်း၌ ပြန်လည်ရောင်းချရခြင်းကြောင့် စင်ကာပူနိုင်ငံ၏ ဈေးနှုန်း မြင့်တက်လာပါက ပြည်တွင်းဈေးနှုန်းလည်း မြင့်တက်လာမည် ဖြစ်ပါသည်။

မြန်မာကျပ်ငွေသည်လည်း တစ်ဒေါ်လာလျှင် ၁၅၃၇ ကျပ်နှင့် ၁၅၄၆ ကျပ်ကြားတွင် ပုံမှန် ရှိနေခြင်းက စက်သုံးဆီတင်သွင်းရာတွင် ကုန်ကျစရိတ်ကို အနည်းငယ်လျော့ကျစေသဖြင့် ဈေးနှုန်း ကို တစ်ဟုန်ထိုး မြင့်တက်မှုမရှိရန် ထိန်းထားနိုင်ပါသည်။ မြန်မာနိုင်ငံသည် စက်သုံးဆီ၊ လေယာဉ်ဆီ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဆေးဝါးကဲ့သို့ အဓိကကျသည့် ကုန်စည်များ အားလုံးကို တင်သွင်းနေရပြီး သွင်းကုန်အပေါ်တွင်သာ ရပ်တည်နေရခြင်းကြောင့် ကမ္ဘာ့ဈေးကွက် ပေါက်ဈေး အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျသည်လည်း ပြည်တွင်း ကုန်စည်ဈေးနှုန်း အတက် အကျကို တိုက်ရိုက် အကျိုးသက်ရောက်မှု ရှိစေပါသည်။ အကယ်၍ မြန်မာငွေကြေးတန်ဖိုး ကျနေ ပါက စက်သုံးဆီဈေးနှုန်းသည် ၁၀၀၀ ကျပ်အထိ မြင့်တက်သွားနိုင်သည်ဟုခန့်မှန်းထားပါသည်။ [3]

[3] https://myanmar.mmtimes.com/news/123146.html

## မြန်မာနိုင်ငံ၏စက်သုံးဆီစျေးနှုန်း (ဓာတ်ဆီ)

မြန်မာနိုင်ငံ၏ စက်သုံးဆီစျေးနှုန်း (ဓာတ်ဆီ) ကို ဖော်ပြပါ Line Chart ဖြင့် တင်ပြထားပါသည်-




Source: https://www.globalpetrolprices.com/Burma-Myanmar/

မြန်မာနိုင်ငံ၏စက်သုံးဆီစျေးနှုန်း (ဓာတ်ဆီ) ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၅ ရက်နေ့အထိ တစ်လီတာလျှင် ၉၅၅ ကျပ်ရှိရာမှ ဒီဇင်ဘာလ ၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ၉၇၅ ကျပ်သို့ မြင့်တက်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့အထိ ဆက်လက်မြင့်တက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ ဖေဖော်ဝါရီလတတိယပတ်အထိ ဆက်လက်ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ (၁၅) ပတ်၏ ပျမ်းမျှဓာတ်ဆီစျေးနှုန်းမှာ ၉၄၈ ကျပ်ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏စက်သုံးဆီဈေးနှုန်း (ဒီဇယ်)

မြန်မာနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း (ဒီဇယ်) ကို ဖော်ပြပါ Line Chart ဖြင့် တင်ပြထားပါသည်-




Source: https://www.globalpetrolprices.com/Burma–Myanmar/

မြန်မာနိုင်ငံ၏စက်သုံးဆီဈေးနှုန်း (ဒီဇယ်) ကို လေ့လာကြည့်ခြင်းအားဖြင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၅ ရက်နေ့အထိ တစ်လီတာလျှင် ၉၆၅ ကျပ်ရှိရာမှ ဒီဇင်ဘာလ ၂ ရက်နေ့မှ ၂၃ ရက်နေ့ထိ ၉၅၅ ကျပ်သို့ ကျဆင်းခဲ့ပါသည်။ ထို့နောက် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ထိ တူညီသောဈေးနှုန်းဖြင့် ၉၇၅ ကျပ်သို့ ပြန်လည်မြင့်တက်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ဖေဖော်ဝါရီလ တတိယပတ်အထိ ပြန်လည်ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ (၁၅) ပတ်၏ ပျမ်းမျှဒီဇယ်ဈေးနှုန်းမှာ ၉၃၉ ကျပ်ဖြစ်ပါသည်။

## ၂၀၁၉ ခုနှစ်အတွင်းပြောင်းလဲခဲ့သော စက်သုံးဆီဈေးနှုန်းများ

၂၀၁၉ ခုနှစ်အတွင်းပြောင်းလဲခဲ့သော စက်သုံးဆီဈေးနှုန်းများကို ဖော်ပြပါ ဇယားဖြင့် တင်ပြထားပါသည်-

**၂၀၁၉ ခုနှစ်အတွင်းပြောင်းလဲခဲ့သော စက်သုံးဆီဈေးနှုန်းများ**

| | မြင့်တက်သောနှုန်း | | ကျဆင်းသောနှုန်း | |
|---|---|---|---|---|
| | မှ | ထိ | မှ | ထိ |
| ဇန်နဝါရီ | ၂၅ | ၆၀ | - | - |
| ဖေဖော်ဝါရီ | ၄၀ | - | - | - |
| မတ် | ၅၅ | ၈၀ | - | - |
| ဧပြီ | ၃၅ | ၆၅ | - | - |
| မေ | - | - | - | - |
| ဇွန်(၂၁ရက်အထိ) | - | - | ၁၁၀ | ၁၃၀ |
| ဇွန် ၂၁ မှ ဇူလိုင် ၁၅ ထိ | ၃၅ | - | - | - |
| ဇူလိုင် ၁၉ မှ ဩဂုတ် ၁၀ ထိ | - | - | ၃၅ | ၅၀ |
| ဩဂုတ် ၁၅ မှ စက်တင်ဘာ ၂၅ ထိ | ၇၀ | - | - | |
| စက်တင်ဘာ ၂၅ မှ အောက်တိုဘာ ၄ ထိ | - | - | ၄၀ | - |
| အောက်တိုဘာ ၉ မှ ၂၅ ထိ | ၄၀ | ၅၀ | | |
| အောက်တိုဘာ ၂၆ မှ နိုဝင်ဘာ ၅ ထိ | - | - | ၁၀ | ၁၅ |
| နိုဝင်ဘာ ၆ မှ ၁၉ ထိ | ၁၀ | ၃၅ | - | - |
| နိုဝင်ဘာ ၂၁ မှ ၂၉ ထိ | ၂၅ | ၃၅ | - | - |
| နိုဝင်ဘာ ၂၉ မှ ဒီဇင်ဘာ ၉ ထိ | - | - | ၂၅ | - |
| ဒီဇင်ဘာ ၁၃ မှ ဇန်နဝါရီ ၁ ထိ | ၁၀ | ၂၀ | - | - |

Source: Eleven Media Group

အထက်ဖော်ပြပါဇယားအရ ၂၀၁၉ ခုနှစ်အတွင်း လအလိုက် စက်သုံးဆီဈေးနှုန်း အတက်အကျကို လေ့လာကြည့်လျှင် ဇွန်လ (၂၁ ရက်အထိ) တွင် တစ်လီတာလျှင် ၁၁၀ မှ ၁၃၀ အထိ အများဆုံးကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

**အာဆီယံနိုင်ငံများ၏စက်သုံးဆီဈေးနှုန်း**

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဖြစ်ပေါ်နေသောအာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းကို ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်-

**အာဆီယံနိုင်ငံများ၏စက်သုံးဆီဈေးနှုန်း**




Source: https://www.globalpetrolprices.com/countries/

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဖြစ်ပေါ်နေသော အာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းကို လေ့လာကြည့်ပါက စင်ကာပူနိုင်ငံတွင် အမြင့်ဆုံးဖြစ်ပေါ်နေပြီး မလေးရှား နိုင်ငံတွင် အနိမ့်ဆုံး ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းတွင် ဒီဇယ်ဈေးနှုန်းမှာ ဓာတ်ဆီဈေးနှုန်းထက် မြင့်တက်နေပြီး ကျန်နိုင်ငံများ တွင် ဓာတ်ဆီဈေးနှုန်းမှာ ဒီဇယ်ဈေးနှုန်းထက် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

## စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသောစက်သုံးဆီဆိုင်များ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးထားသော စက်သုံးဆီဆိုင်များကို ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်–

**စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသောစက်သုံးဆီဆိုင်များ**




Source:https://news-eleven.com/article/146968

မြန်မာနိုင်ငံအနေဖြင့် စက်သုံးဆီနှင့် ပတ်သက်၍ 1943 Petroleum အက်နှင့် ပြည်တွင်း စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချမှုကို နိုင်ငံတော်ကသာပြုလုပ်ခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ အား စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခွင့်ကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် စတင်ခွင့်ပြုခဲ့ပါ သည်။ [4]

၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးထားသော စက်သုံးဆီဆိုင်များကို လေ့လာ

[4] https://elevenmyanmar.com/news/86097

ကြည့်ပါက မန္တလေးတိုင်းဒေသကြီးတွင် စက်သုံးဆီဆိုင် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရပြီး ချင်းပြည်နယ်တွင် စက်သုံးဆီဆိုင်အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

**နိဂုံး**

စက်သုံးဆီဈေးနှုန်း ကာလကြာမြင့်စွာ အဆမတန်မြင့်တက်ခြင်းသည် သယ်ယူပို့ဆောင်စရိတ်ကို မြင့်တက်စေပြီး အထွေထွေကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုရှိနိုင်ပြီး ပြည်သူလူထုကြားလူမှုစီးပွားဘဝကို ရိုက်ခတ်နိုင်ပါသည်။ သို့သော် မြန်မာကျပ်ငွေ ခိုင်မာနေပါက စက်သုံးဆီဈေးနှုန်းတည်ငြိမ်စေမှုကို အထောက်အကူပြုစေပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဈေးကွက်အတွင်း စက်သုံးဆီဈေးနှုန်းများသည် ကမ္ဘာ့ရေနံဈေးနှုန်း၊ စင်ကာပူစက်သုံးဆီဈေးနှုန်း (MOPS)၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ဝယ်လိုအား၊ ရောင်းလိုအားတို့အပေါ် အခြေခံပြီး ဈေးနှုန်းအတက်အကျဖြစ်ပေါ်နေကြောင်း ပြုစုတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

ဤစာတမ်းကိုအား ဒေါ်အေးအေးမူ (ဦးစီးအရာရှိ) နှင့် ဒေါ်မေဇင်အောင် (ဒု-ဦးစီးမှူး) တို့မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com